နားဘောင်ကျေးရွာ

တောင်ကြီးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၂- ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နားဘောင်ကျေးရွာ၊ တောင်ကြီးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ

# မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

မြို့ဆိုးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကလောမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

(၁)နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား  ၃   လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား  ၄   ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား  ၅   ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား  ၆   ဥစ္စာဓနအဆင့် အခြေအနေ
ဇယား  ၇   ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား  ၈   ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား  ၉   ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀   ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား  ၁၁  ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား  ၁၂  ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား  ၁၃  ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား  ၁၄  ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား  ၁၅  အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား  ၁၆  ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား  ၁၇  သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား  ၁၈  သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား  ၁၉  မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား  ၂၀  မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား  ၂၁  မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား  ၂၂  စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား၂၃-ကစိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား  ၂၃-ခ  စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား  ၂၄  ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား  ၂၅  ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား  ၂၆  ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား  ၂၇  ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား၂၉သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့ အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ
**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇**
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉**

## ကိုးကားစရင်း

၇၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇/၂၈ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်

အကြံဉာဏ်များကို တက်တက် ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက် နေမှုတစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာ ၊ ၂၀၂၂

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

နားဘောင်ကျေးရွာ

တောင်ကြီးမြို့နယ်


ကျေးရွာနှင့်ဆက်စပ်သောအဖွဲ့အစည်းဇယား

## နားဘောင်ကျေးရွာ သယံဇာတပြမြေပုံ၊ တောင်ကြီးမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီး ကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွနုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု ၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့်အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

နားဘောင်ကျေးရွာသည် တောင်ကြီးမြို့နယ်မှ(၁၀) မိုင်ခန့် ကွာဝေးပါသည်။ အသုံးတော် ကျေးရွာသည် ထီဖောင်းကျေးရွာအုပ်စုဖြစ်ပါသည်။ အရှေ့တောင်ဘက်တွင် ဂနိုင်ခြားမီးကျေးရွာ အနောက်ဘက်တွင် လုံးခက် ကျေးရွာမြောက်ဘက်တွင် ထီဖောင်း ကျေးရွာ တောင်ဘက်တွင် ထီဟန်ဆွေးကျေးရွာ နောက်ဘက်တွင်နောင်ယွေးကျေးရွာ တည်ရှိပါ သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် သွားလာရလွယ်ကူသည်။ ကျေးရွာ တည်ရှိရာသည် ကုန်းပြင်မြင့်ဖြစ်ပြီး သဘာဝရေ မြေရာသီဥတု ကောင်းမွန်ပါသည်။ ကျေးရွာတွင် လုပ်ကိုင်နိုင်သာ ဥယျာဉ်ခြံမြေ များ အသင့် အတင့်ရှိပြီး မြေလွတ်မြေလပ် များလည်းရှိကြောင်း တွေ့ရှိရပါသည်။ အဓိက သက်မွေးဝမ်း ကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ကျေးရွာ၏ဒေသ ထွက်ကုန် များအား တောင်ကြီးမြို့သို့ တင်ပို့ရောင်းချ နိုင်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေဆီအသင့်အတင့် ကောင်းမွန်သည်။ တောင်ယာစိုက်ပျိုးမြေဧက (၃၀၀)ခန့် ကို အဓိကစိုက်ပျိုးသည်။ သတ္တုနှင့် အခြားသံယံ

ဓာတများ အနည်းငယ်ရှိသော်လည်း ကျေးရွာတောင်သူများအနေဖြင့် လုပ်ကိုင်ခြင်း မရှိဘဲ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ပါသည်။ ကျေးရွာတွင် အပင်မျိုးစိတ်များ အနည်းငယ်ရှိပါသည်။ အခြားတိရိစ္ဆာန်မျိုးကွဲများလည်း အနည်းငယ် ရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၁၀)စု နှင့် လူဦးရေပေါင်း(၄၉၅)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄.၃)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်း သည်။ ကျေးရွာတွင် ပအိုဝ်း လူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိ လူဦးရေအားလုံး၏၆၆.၂%ရှိပြီး အမျိုးသမီးမှာ အမျိုးသားအရေအတွက်ထက် ၂%ပိုများ သဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင် များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

## (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ ၂၆%သည် ဆင်းရဲနှင့်၇.၅%သည် အလွန်ဆင်းရဲအိမ်ထောင်စု အဆင့် အဖြစ် သတ်မှတ်ကြပြီး ၁.၈%သည် ချမ်းသာသည့်အဆင့်၊ ၆၅%သည် အလယ် အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေ ပိုင်ဆိုင် မှုမှာ အခြားသောအရပ်ဒေသများ၏ မြေယာပိုင်ဆိုင်မှုနှင့် နှိုင်းယှဉ်လျှင် အလွန်နည်းပါး ကြောင်းတွေ့ရှိရသော်လည်း ကျေးရွာ၏အနေ အထားအရ သင့်တင့်မျှတရုံ သာရှိကြောင်း တွေ့ရှိရသည်။ ကုန်းမြင့်ဒေသဖြစ်သောကြောင့် စက်ကိရိယာများ အသုံးပြုခြင်းမရှိ ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာစီးပွါးရေးအနေအထားမှာ အသင့်အတင့် ကောင်းသည်ဟု ပြောနိုင် ပသည်။ ချမ်းသာသောလယ်သမားအိမ်ထောင်စုများအပြင် အခြား လယ်သမား အိမ်ထောင်စု အချို့မှာလည်း သတ္တုတူးခြင်း၊ စက်ချုပ်ခြင်းနှင့် စက်မောင်းစသော အသေးစား အိမ်တွင်း လုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ယင်းတို့အနက် ဆင်းရဲအဆင့် သည် ကျေးရွာတွင် အနည်းငယ်မျှသာဖြစ်ပြီး မြေယာအနည်းငယ်မျှပိုင်သော လယ်သမား များ၊

လက်လုပ်လက်စား၊ ဆောက်လုပ်ရေး လုပ်ငန်းခွင် စိုက်ပျိုးရေးနေ့စား လုပ်သားများ ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုမရှိကြောင်း တွေ့ရှိရပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာအနည်းငယ်ပိုင်ဆိုင်သည့် အိမ်ထောင်စုအရေအတွက်မှာ သုံးပုံ တစ်ပုံခန့် ရှိသော်လည်း ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင်နေ့စားအဖြစ် အဓိက ဝင်ရောက်လုပ်ကိုင်ကြပြီး သတ္တုတူးခြင်း၊ စက်မောင်းခြင်း၊ စက်ချုပ်ခြင်း စသည်တို့ တွင်လည်း လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀% ဖြစ်သော (၁၃)အိမ်ကို မေးမြန်းမှုအရ ယင်းတို့မှာ ၃ လ မှ ၆ လခန့် သူတပါးထံမှ ချေးငှါး စရာမလိုပဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စု အားလုံး သည် အကြွေးတင်ရှိနေကြသည်။ ချေးငွေအများစုကို ပုဂ္ဂလိက ငွေချေးလုပ်ငန်းများ၊ ဆွေမျိုးမိတ်ဆွေများထံမှ ချေးယူရရှိကြသည်။ ချေးငွေများကို အသုံးပြု ကြပုံမှာ စားသုံးရန် အတွက်နှင့် ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် အဓိကသုံးစွဲကြ ကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် မိသားစုမှကူညီစောင့်ရှောက်မှ ုမရှိသော သက်ကြီး ရွယ်အိုနှင့် မသန်မစွမ်းသည့် ပုဂ္ဂိုလ်များ မရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာ၏ ထိခိုက် သက်ရောက် မှုအမျိုးအစားတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ သစ်တောများ အလျင်အမြန် ပြုန်းတီးခြင်းများ ရှိနေသည်ကို တွေ့ရှိရသည်။ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများ အတွက်အုပ်စုအလိုက် ခွဲခြား သတ်မှတ်ရာတွင်လည်း လူငယ်များ၊ ဆင်းရဲသည့်အမျိုးသမီး ဦးဆောင်အိမ်ထောင်စုနှင့်ဆင်းရဲသည့် နေ့စားအိမ်ထောင်စုများမှာ ထိခိုက်သက်ရောက်မှု မြင့် ကြောင်းတွေ့ရသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အစားအစာပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ မူလွန် ကျောင်း တွင် ကျောင်းသူ/သားများကိုလည်း အပတ်စဉ်ခန့် အာဟာရတိုက်ကျွေးမှုများရှိပြီး အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တကိုယ်ရည် သန့်ရှင်းရေး နှင့် ကျန်းမာရေး အသိအမြင်များ အသင့်အတင့်ရှိကြသည်။ ကျေးရွာသား များအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာရှိကိုယ်ထူ ကိုယ်ထ တည်ဆောက်

ထားသော ကျေးလက်ဆေး ပေးခန်းနှင့် (၅) မိုင်ခန့်ကွာဝေးပြီး ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီသည်။ ကျေးရွာတွင် ကန်ရေကိုသာအဓိကအသုံးပြုကြောင်းနှင့် ကန်ရေသည်လည်း တစ်နှစ်ပတ်လုံးမလုံလောက်ကြောင်း တွေ့ရှိရပါသည်။ စိမ့်စမ်းရေများရှိသော်လည်း ရွာနှင့်အလှမ်းဝေးသောကြောင့်အသုံးပြုရန် အခက်အခဲရှိကြောင်း တွေ့ရှိရပါသည်။ ဝမ်းပျက် ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါ ဖြစ်ပွါးမှုများ နည်းပါး ကြောင်း တွေ့ရသည်။ သွေးတိုးရောဂါနှင့်ရာသီအကူးအပြောင်းတွင်အဖျားအနာများ၊နှာစီး၊ ချောင်းဆိုး များ ဖြစ်ပွားမှုများသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် နိမ့်ပါးကြောင်းတွေ့ရှိရပါသည်။ သက်ကြီး ရွာသား အများစုသည် မူလတန်းပညာရေး ကိုသာရရှိကြပြီး/သော်လည်း အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြသည်။ အလယ်တန်းနှင့်အထက်တန်းပညာတတ် ဦးရေနည်း ပါးသည်။ ဘွဲ့ရအရေအတွက်မှာ အလွန်ပင်နည်းပါးသည်။ ကျေးရွာတွင် အခြေခံ ပညာရေးကိုကျေးရွာရှိမူလတန်းကျောင်းတွင်သင်ကြားနိုင်သဖြင့်မူလတန်းအရွယ် ကလေး များမှာမူ မူလတန်းပညာကို သင်ကြားကြသည်။ အလယ်တန်း၊ အထက်တန်း ပုန်းတန်း ကျေးရွာတွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော်အသက်မွေးဝမ်းကျောင်း လုပ်ငန်း များဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီးလူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှု အခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများ သည်လည်း အလွန်နည်းပါးဆဲ ဖြစ်သည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားနှင့် မိသားစုအတွင်းကျား/မ တို့၏ အခန်းကဏ္ဍမှာ အမျိုးသားများကသာ ဦးဆောင်၍ဆုံးဖြတ်ကြကြောင်းတွေ့ရသည်။ ရပ်ရွာအရေး ကိစ္စများတွင်လည်း အမျိုးသားများကသာ ဦးဆောင်ကြသည်။ အမျိုးသမီး များမှာ အိမ်မှုကိစ္စများနှင့် သားသမီးငယ်များကိုပြုစုထိန်းကျောင်းအပြင် အိမ်၏စီးပွားရေး လုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေး လုပ်ငန်းများတွင်လည်း ဝင်ရောက် လုပ်ကိုင်ကြသည်။ ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ် များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများအရ မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းများတွင် အမျိုးသမီးများ ကျောင်းတက်မှုပိုနည်းသည်ကိုတွေ့ရသည်။/ (ကျား၊ မအရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့်အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။) သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခ ငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင်မူ အမျိုးသမီးများ ပါဝင်မှု အသင့်အတင့်ရှိကြောင်း တွေ့ရပါသည်။ အခြားလူမှုရေးအသင်းအဖွဲ့များတွင်လည်း အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။ ကျားမတန်းတူ ညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူ ညီမျှမှု၊ ဖွံ့ဖြိုးမှု တို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ကိုယ်ထူကိုယ်ထဖွဲ့စည်းထားသော လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၄)ဖွဲ့ရှိကြောင်း တွေ့ရှိရပါသည်။ ယင်းအဖွဲ့များအနက် မြို့နယ်မှဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့မှာ ကျန်းမာရေးဆိုင်ရာသင်တန်းများ တက်ရောက်ခြင်း၊ ပြန်လည်ဆွေးနွေးမျှဝေခြင်းတို့ဖြင့် လှုပ်ရှားဆောင်ရွက်မှုများရှိလာသည်။ လူမှုရေးအဖွဲ့တွင်မူ ကျေးရွာ၏လူမှုရေး၊ သာရေးနာရေးကိစ္စများအတွက် ဈေးဝယ်ခြမ်းရေး၊ ချက်ပြုတ်ရေး၊ ကျွေးမွေးရေးစသော လုပ်ငန်းအမျိုးအစားအလိုက် တာဝန်ခွဲဝေဆောင်ရွက်မှုများကောင်းမွန်သည်။ ဖြူစင်မေတ္တာပရဟိတအသင်းကိုလည်း ကျေးရွာမှလူကြီးအချို့ ဦးဆောင်ပြီး လူငယ်လူရွယ်များ ပါဝင်ဖွဲ့စည်းထားကာ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် သနပ်ဖက် ကို အဓိကထား စိုက်ပျိုးကြပြီး လက်ဖက်၊ သရက်၊ ထောပတ်တို့ကိုလည်း အနည်းငယ်စိုက်ပျိုးကြောင်း တွေ့ရှိရသည်။ ဥယျာဉ်ခြံမြေ (၃၃၆)ရှိပြီး သနပ်ဖက်ကိုအဓိကထား စိုက်ပျိုးကြပြီး လက်ဖက်အနည်းငယ် တွဲဘက်စိုက်ပျိုးထားကြောင်းတွေ့ရှိရပါသည်။ သနပ်ဖက် တစ်ကေပျမ်းမျှအထွက်မှာ (၂၂၀) ထွက်ရှိပါသည်။ ကျေးရွာတွင် လုပ်ကိုင်နိုင်သော ဥယျာဉ်ခြံမြေမှာ အသင့်အတင့်ရှိပြီး ထပ်မံလုပ်ကိုင်နိုင်သော မြေလွတ်မြေလပ်များလည်းရှိကြောင်း တွေ့ရှိရပါသည်။တောင်သူများအနေဖြင့် သင့်တင့်သော မြေဧရိယာပိုင်ဆိုင်မှုရှိသော်လည်း စိုက်ပျိုးရေးအတွက် ရေအရင်းအမြစ်များ မရှိကြောင်း တွေ့ရှိရပါသည်။ ဒေသထုတ်ကုန်အထွက်တိုးစေရန်အတွက် လုံလောက်သော အရင်းအနှီးငွေများလိုအပ်ကြောင်းနေတွေ့ရှိရပါသည်။ ထုတ်ကုန်များကိုလည်း လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာရောင်းချနိုင်ရန်အတွက် ဈေးကွက်ကောင်းရှိရန်လိုအပ် ကြောင်း တွေ့ရသည်။ သီးနှံအတွက်လိုအပ်သော ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများ လွယ်ကူစွာ ဝယ်ယူ သုံးစွဲနိုင်ရန် ငွေကြေးဝန်ဆောင်မှုနှင့် နည်းပညာများလိုအပ်ပါသည်။ ပိုးသတ်ဆေး အရည်အသွေး မပြည့်ဝမှုကြောင့် ဆေးဖျန်းသော်လည်း မနှိမ်နင်းနိုင်ကြောင်းတွေ့ရသည်။ ဖျက်ပိုးကာကွယ်၊ နှိမ်နင်းနည်း ကိုလည်းစနစ်တကျတတ်မြောက်မှုမရှိကြပါ။ (အတွက် စိုက်ပျိုးရေးဦးစီးဌာနမှလိုအပ်သလိုကူညီဆောင်ရွက်ပေးမှုများရှိသည်။ကျေးရွာတွင်လယ်ယာသုံးစက်ကိရိယာ မရှိကြောင်းတွေ့ရှိရပါသည်။ကုန်းမြင့်ဒေသ ဖြစ်သော ကြောင့် ပေါက်ပြား ဖြင့်သာ အသုံးပြုကြပါသည်။ကျေးရွာတွင် ကျွဲ၊နွားမွေးမြူသူအိမ်ထောင်စု တစ်စုသာရှိပါသည်။ ယခင်က နွားကို အိမ်ထောင်စုအားလုံးနီးပါးမွေးမြူကြသော်လည်း အမြတ်အစွန်းရရှိမှုနည်းပါးသောကြောင့် အိမ်ထောင်စုတစ်စုသာ မွေးမြူထားကြောင်း တွေ့ရှိရပါသည်။ ဝက်မွေးသူအိမ်ထောင်စုမှာ (၃၀)အိမ် သာရှိပြီး ဒေသကြက်မွေးသည့် အိမ်ထောင်စု လည်း (၂၀၀)အိမ် ခန့်သာရှိပြီး တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းများ နည်းပါး သည်။ ရာသီအလိုက်ဖြစ်ပွါးတတ်သော တိရစ္ဆာန် ရောဂါများ ရံဖန်ရံခါ ကျရောက်တတ်သည်။ ကျေးရွာတွင် တနိုင်တပိုင်မွေးမြူသည့် အိမ်ထောင်စု အရေအတွက်နှင့် မွေးမြူသည့် ကောင်ရေနည်းပါးသည်။ သီးနှံစိုက်ပျိုးရေး လုပ်ငန်းများကိုသာ အစဉ်အဆက် လုပ်ကိုင် ကြခြင်း၊ ၎င်းလုပ်ငန်းမှ ဝင်ငွေအထိုက်အလျောက် ရရှိနိုင်ခြင်းနှင့် မိရိုးဖလာ ဓလေ့အရ မွေးမြူရေးလုပ်ငန်းကို စိတ်ဝင်တစား ဆောင်ရွက် လုပ်ကိုင်သူ နည်းပါးသည်။ မွေးမြူရေးဆိုင်ရာ ဗဟုသုတ

နည်းပါးခြင်း၊ ကူးစက် ရောဂါ အခါအားလျော်စွာ ကျရောက် တတ်ခြင်း နှင့် ဝင်ငွေရရှိမှု နည်းပါးခြင်းတို့ကြောင့်လည်း မွေးမြူရေးလုပ်ငန်းကိုစိတ်ဝင်စားမှု နည်းကြ သည်။ ကျေးရွာတွင် ရေမြေအနေအထားနှင့် မွေးမြူရန်နေရာအဆင်မပြေ သောကြောင့် ငါးမွေးမြူ ရေး လုပ်ငန်းများ မရှိပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းမှအပ အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းများအတွက် အခွင့်အလမ်းနည်းပါးသောကြောင့် လုပ်ကိုင်ခြင်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား အလုပ်များ၊ လက်သမား၊ပန်းရံလုပ်ငန်း၊ စက်ချုပ်ခြင်းနှင့် ယာဉ်၊ စက်များပြုပြင်ခြင်း တို့ ဖြစ်ကြ သည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။

လယ်ယာစိုက်ပျိုးရေးအတွက် လုပ်ခနှုန်းထားမှာ ဒေသအတွက်သင့်တင့်မျှတရုံသာရှိပါသည်။ ပန်းရံ၊ လက်သမားတစ်နေ့လုပ်အားခမှာ အများဆုံး(၇၀၀၀/-)ကျပ်အတွင်းနှင့် အနည်းဆုံး (၅၀၀၀/-) ကျပ် အတွင်းရရှိကြသည်။ အခြားဝင်ငွေရလုပ်ခနှုန်းထားမှာ မရှိသလောက် နည်းပါးသည်။ လုပ်အားခရရှိ မှုမှာ ကျားနှင့် မအတွက် မတူညီနိုင်ပဲ ကျားလုပ်အားခက အမြဲတမ်းလိုလို ပိုနေတတ်သည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး လူ့အရင်းအမြစ် အလားအလာ ကောင်း တစ်ရပ်ဖြစ်သည်။ တောင်ကြီး မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်း သင်တန်းများ ဖြစ်သည့် (အပ်ချုပ် ဆံပင်အလှပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့ စသည့် သင်တန်းများရှိသော်လည်း စိတ်ဝင်စားမှုနည်းပါးခြင်း၊ သင်တန်းစရိတ် ခက်ခဲခြင်း၊ ဈေးကွက် နည်းပါးခြင်းတို့ကြောင့် ရွာသားအများစုသည် အဆိုပါသင်တန်းများကို တက်ရောက် သင်ကြားမှုနည်းပါးကြသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါး သည့်အပြင် လုပ်ငန်းအတွေ့အကြုံလည်း မရှိကြသောကြောင့် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်တွင်ရရှိမှု နည်းသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာကာ သီးနှံအထွက်နှုန်းမှာ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာသည်။ အဓိကအနေဖြင့် စိုက်ပျိုးရေးကိုသာ လုပ်ကိုင်ကြသောကြောင့် မြေဆီသြဇာကို အမြဲတမ်းပြုပြင်နေကြရသည်။ နှစ်စဉ်နှစ်တိုင်း ပေါင်းဆွ၊ မြေသြဇာထည့်ကြရသည်။ တောင်သူများအနေဖြင့် အလွယ်တကူ ရနိုင်သော ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု တွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝ ပါတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာ တွင် မုန်တိုင်း၊ ငလျင်စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်လေ့မရှိပါ။ ရေအရင်း အမြစ်ရှိသော်လည်း ရွာနှင့်အလှမ်းဝေးသောကြောင့် ရွာရှိမိုးရေလှောင်ကန်ကိုသာ အားထား ၍ အသုံးပြုကြသည်။ မြစ်ချောင်းများ မရှိသောကြောင့် (မြေမြင့်သောအပိုင်းတွင် တည်ရှိ သဖြင့်) ရေကြီးရေလွှမ်းခြင်းဘေးမှလည်း ကင်းဝေးသည်။ မိုးဦးကျကာလတွင် လေနီကြမ်း တိုက်ခတ်မှု၊နွေရာသီတွင် တောမီးလောင်ကျွမ်းမှုမှ တစ်ဆင့်ကူးစက်နိုင်သည့် ဘေးအန္တရာယ် သာ တခါတရံတွင် ကြုံတွေ့ရတတ်သည်။ သို့သော်လည်း မိုးရွာ နောက်ကျခြင်း၊ မိုးခေါင်ခြင်း နှင့် အချိန်အခါမဲ့ မိုးရွာသွန်းခြင်း စသည့် ရာသီဥတု ဖေါက်မှုများ မှာ နှစ်တိုင်းလိုလို ကျရောက်တတ်ပြီးတောင်သူများ၏ စီးပွားရေးကိုများစွာ ထိခိုက်ပျက်စီး စေသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေ နှင့် ပက်မြန်မာ ငွေစုငွေချေးအဖွဲ့ဖွဲ့စည်းထားပြီး ရွာသားအများစုသည် အဖွဲ့အလိုက် အဖွဲ့ဝင်များအဖြစ် ပါဝင်နေကြကာ တစ်လလျှင် အတိုးနှုန်း (၃)ကျပ်မှ (၅)ကျပ်ဖြင့် ငွေချေး ယူနိုင်ကြသည်။ ပုဂ္ဂလိကငွေစုငွေချေး အဖွဲ့များတွင် ချေးငွေကို (၁)နှစ်အထိ ချေးယူနိုင်ပြီး ဝိုင်းကြီးချုပ်စနစ်ဖြင့်ချေးငွေပြန်လည်ပေးဆပ်ရေးဆိုင်ရာစည်းကမ်းပိုင်းတွင်တင်းကျပ် ထားသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေ လိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။ တစ်ချို့ကပွဲစားများ၊ ဆွေမျိုးနှင့် မိတ်ဆွေ

များထံမှ ကာလတိုချေးငွေအဖြစ် အတိုးနှုန်းကြီးစွာ ချေးယူနေကြရသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲ အိမ်ထောင်စုများကို တွေ့ဆုံမေးမြန်းမှုအရ အများစုမှာ အကြွေးတင်ရှိမှု ရှိနေကြကြောင်း တွေ့ရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းရှိသဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာကို သင်ယူနိုင်ကြသည်။ ကျေးရွာမှ ကိုယ်ထူကိုယ်ထတည်ဆောက်ထားသော ကျောင်းဆောင်သာ ရှိပါသည်။ ကျောင်းသား ဦးရေများပြားလာပြီးလက်ရှိ ကျောင်း ဆောင်ဖြင့် လုံလောက်မှုမရှိတော့သဖြင့် ကျောင်းဆောင် သစ်တစ်ဆောင် ဆောက်လုပ်ရန် လိုအပ်နေပသည်။ ရွာသားအားလုံးမှာ ရေးတတ် ဖတ်တတ်ကြပြီး အသက်အရွယ်ကြီးသူများမှာ မူလတန်း ပညာရေးကို ရရှိထားကြသည်။ မူလတန်း အောင်ချက် ရာခိုင်နှုန်းလည်း မြင့်မားသည်။ ကျောင်းသုံး ပရိဘောဂများ လိုအပ်မှုရှိပြီး ကျောင်းဆရာမများ လုံလောက်မှုရှိပါသည်။ ကျောင်းသားဦး ရေများ လာသောကြောင့် ကျောင်းအဆောက်အဦများ ထပ်မံ၍လိုအပ်ပါသည်။

ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ကျေးရွာတွင်းရှိ ကိုယ်ထူကိုယ်ထတည်ဆောက်ထားသောဆေးပေးခန်းနှင့်(၅)ခန့်ကွာ ဝေးသော တိုက်နယ် ဆေးရုံ တို့ရရှိကြပါသည်။ ဆေးဆိုင်များမှာ တွင် တည်ရှိပြီး လိုအပ်ပါက အလွယ် တကူ သွားရောက် ဝယ်ယူနိုင်သည်။ ကျန်းမာရေးဌာနမှ လစဉ်ပုံမှန်ကာကွယ်ဆေး များ လာရောက် ထိုးနှံပေးပါသည်။

ကျေးရွာတွင် အိမ်ထောင်စုအားလုံးနီးပါး ကန်ရေတစ်မျိုးတည်းကိုသာ အဓိကအသုံး ပြုကြပါသည်။ ကန်ရေသည်လည်းတစ်နှစ်ပတ်လုံး လုံလောက်မှုမရှိပါ။ စိမ့်စမ်းရေများရှိသော်လည်း ရွာနှင့် အလှမ်း ဝေးသောကြောင့် အသုံးပြုရန်အခက်အခဲများရှိပါသည်။ ကျေးရွာတွင်(၄၇၉)အိမ်သာ ရေကြောင့်ဆက်စပ်ဖြစ်ပွါး တတ် သော ရောဂါဖြစ်ပွါးမှုများ /များပြားသည်။ စာသင်ကျောင်းတွင် လည်း ကျောင်းအိမ်သာ မှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူ သည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထား သီးသန့်မရှိပါ ။ လူငယ်များ သည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်ကြပါသည်။ နွေရာသီကျောင်းပိတ်ရက်များတွင် မူလတန်း/အလယ်တန်း ကျောင်းသားများအား ယဉ်ကျေးလိမ္မာ သင်တန်း၊ စာပေယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ် သင်ကြားပေးသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း လူသာများ ပူးပေါင်းပါဝင်မှုများရှိပါသည်။

## (ဇ) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းအားလုံးသည် မြေသားလမ်းသာ အသုံးပြုကြရပါသည်။ မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရအလွန်ခက်ခဲနေပါသည်။ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲသောကြောင့် မြေသားလမ်းမှ အဆင့်မြှင့်တင်ပေးရန် ကျေးရွာသူ/ ကျေးရွာသားများက လိုလားနေကြပါသည်။ ရေလမ်းခရီး အသုံးပြုမှုမရှိပဲ လမ်းပန်းဆက် သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၁၁၄) စီး၊ ထော်လာဂျီ (၇ )စီးတို့ကို အသုံးပြုလျက် ရှိကြသည်။

ကျေးရွာတွင် ယခုအချိန်ထိ လျှပ်စစ်မီးလုံးဝမရရှိသေးပါ ။ ကျေးရွာတစ်ရွာလုံး ဆိုလာစနစ်ဖြင့်သာ သုံးစွဲနေရပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းများ အတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမျှ လက်ကိုင်ဖုန်း အသုံးပြုနေကြပြီဖြစ်သည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့် အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များ အတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်အဆောက်အဦ မရှိသေးသော်လည်း ဖတ်စရာ စာအုပ်များရှိသည်။ ရွာသားများသည် သတင်းစာ၊ ဂျာနယ် တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့်တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေး မှာ အတော်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

## (ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်း တယ်လီ

ဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြသော်လည်း လိုအပ်သော သတင်းအရင်း အမြစ်များ အတွက် လိုအပ်သလို ဆက်သွယ် သိရှိနိုင်မှု အားနည်းသည်။ အာမခံစနစ်ကို သိရှိထားသူ မရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် ဘော်ဆိုင်းရှိရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ကြီးကြီးမားမား ဖြစ်ပွါးခြင်းနည်းပါးသည် / မရှိပါ။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

နားဘောင်ကျေးရွာသည် ကုန်းမြေမြင့် ဒေသဖြစ်ပြီး၊ လမ်းပန်းဆက်သွယ်ရေး အရ မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရခက်ခဲပြီး ပွင်းလင်းရာသီသာ လွယ်ကူစွာအသုံးပြုနိုင်သည်။

နားဘောင်ကျေးရွာနှင့်အနီးဆုံးဈေးမှာ လယ်ယာထွက်ကုန်များကိုနေ့တိုင်း/ ငါးရက် တစ်ဈေး တွင်ရောင်းချနိုင်သည်။ လူသုံးကုန်ပစ္စည်း၊ စိုက်ပျိုးရေးသုံးပစ္စည်း၊ အိမ်ဆောက် ပစ္စည်း၊ ဆေးဝါးစသည်တို့စုံလင်စွာရရှိနိုင်ပေသည်။

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးပါသဖြင့် ဆိုလာမီးကိုသာ အသုံးပြုရသည်။ လျှပ်စစ်မီး မရရှိသည့်အတွက် ထင်းမီးကိုသာအဓိက သုံးစွဲနေရသောကြောင့် သစ်တောများ ပြုန်းတီး လျက်ရှိပြီးကျောင်းသူကျောင်းသားများအတွက်စာဖတ်ချိန်အခက်အခဲ ဖြစ်ခြင်း၊ အားလပ်ချိန် များတွင် ဗဟုသုတရဖွယ်သုတ၊ရသနှင့် သတင်းအစုံအလင်အား မကြည့်နိုင် သဖြင့်၊ လူနေမှု အဆင့်အတန်း နိမ့်ကျလျက်ရှိသည်။

လူဦးရေအားလုံး၏ ၆၆%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရ အရေအတွက် နည်းပါးပြီး ကျွမ်းကျင်မှုနှင့်သက်မွေးဝမ်ကျောင်းသင်တန်းများကို လူငယ်များ ကိုလေ့ကျင့်သင် ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေ ပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်

ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ် ရသောဆေးဝါးကုသလိုမှုအတွက်လည်း တောင်ကြီး ဆေးရုံ သို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။

ကျေးရွာအတွင်းတွင် ပြင်ပနှင့်ကျေးရွာအတွင်းမှဖွဲ့စည်းထားသောလူထုအခြေပြု အဖွဲ့ အစည်းများ အနည်းငယ်ရှိပြီး၊အဖွဲ့များ၏၊ လုပ်ငန်းလည်ပတ်မှုမှာ ကောင်းမွန်ကြပေသည်။ ငွေချေးအဖွဲ့များ၊ အစိုးရဌာနများနှင့် အချိတ်အဆက်အားကောင်းမှုရှိပြီး၊ထို အထောက်အပံ့ များသည် ကျေးရွာအတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆိုင်ရွက်မှုနှင့် အခြားသေးစား လုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက် ရန် လွန်စွာအထောက်အပံ့ကောင်းများဖြစ်စေပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် ကုန်းမြင့်ဖြစ်ပြီး မြေဆီဩဇာ အတော်အသင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ် တကူ သယ်ယူပို့ဆောင် ရောင်းချနိုင်သည်။ သနပ်ဖက်ကို အဓိကစိုက်ပျိုးကြပြီး လက်ဖက်ကို လည်း အနည်းငယ် စိုက်ပျိုးကြသည်။ ရေအရင်းအမြစ်ရှိသော်လည်း ရွာနှင့်အလှမ်းဝေး သောကြောင့် ရွာတွင်းရှိကန်ကိုသာသုံးစွဲရ၍ တစ်နှစ်ပတ်လုံး လုံလောက်မှု မရှိပါ။ ကျေးရွာမှ စိုက်ပျိုးသော သနပ်ဖက်နှင့်လက်ဖက်မှာ ရောင်းပန်းလှပြီးဈေး ကောင်းရသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင် ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြား သတင်းအချက်အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

လူမှုရေးပရဟိတအသင်းအဖွဲ့များရှိပြီး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စအဝဝအား ကူညီ ဆောင်ရွက်မှုများပြုလုပ်ပေးကြသည်။ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာအနေအထားအရ ၊ ယေဘုယျအားဖြင့်အဟန့် အတားစိန်ခေါ်မှု အများအပြား မတွေ့ရှိရပေ။ သို့သော်ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး၊ အဖွဲ့များကြား တွင် ပူးပေါင်းပါဝင် ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှု အပိုင်းတွင် စနစ်ကျမှု အနည်းငယ်အားနည်းကြောင်းတွေ့ရှိရသည်။

စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ်မြေရိုင်းများထပ်မံ မတိုးချဲ့နိုင်တော့ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ်မှုတိုးမြှင့်ရန်ဆောင်ရွက်ကြသည်။ သီးနှံပိုးမွှားကျရောက်မှုနှင့် ပတ်သက်ပြီး ယခုနှစ်ပိုင်းတွင် ပိုမိုကျရောက်လာကြောင်းသိရှိရသည်။ သို့သော်ထိခိုက်ပျက်စီး ဆုံးရှုံးမှုအထိမရှိပေ။ကျေးရွာတွင်မူလတန်းကျောင်းသာတည်ရှိပြီး၊ စာသင်ကျောင်းဆောင်မှာ အရည်အသွေးအပိုင်းတွင် အားနည်းမှုရှိပေသည်။ အလယ်တန်းနှင့် အထက်တန်း ပညာရေး များ အတွက် (၁၀) မိုင်ခန့်ကွာဝေးသော နောင်ပစ်ကျေးရွာတွင် သွားရောက် သင်ယူကြ သည်။ ကျေးရွာတွင် ကိုယ်ထူကိုယ်ထဆေးပေးခန်းသာရှိပြီး ကျေးလက်ကျန်းမာ ရေးဌာနခွဲ မရှိသောကြောင့် အရေးပေါ် ကိစ္စရပ်များတွင် အခြားဒေသသို့ သွားရောက်ကုသရ သဖြင့် အချိန်ကြာမြင့်မှု ရှိတတ်ပေသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ် တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထား ပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ ကျေးရွာတွင်း လမ်းနှင့်ရွာချင်းဆက်လမ်းများပိုမိုလာအောင်ဖန်တီးခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေး ပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေး အနေအထားကို တိုးတက် ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ၊သားများ ပညာရည်မြင့်မားပြီး လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်း လာစေကာ လူနေမှုဘဝတိုးတက် ကောင်းမွန်လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲ မှုယန္တရား တိုးတက်လာရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာ အသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ ကိုတိုးချဲ့ ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့်ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

ခ.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို ရွေးချယ် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။

ခ.၃) ကျေးရွာတွင် စံချိန်မီ သောစာသင်ကျောင်းဆောင်တစ်ဆောင်နှင့် ပရိဘောဂအသုံးအဆောင် ပစ္စည်းများအလုံအလောက်ရရှိအောင်ဆောင်ရွက်သွားမည်။ လိုအပ်ပါက အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းများအထိ ရရှိအောင်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့

တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံ တော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ် ပမာဏပါဝင် သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း**

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းအဆင့်သာဖြစ်ပြီး သွားလာရ ခက်ခဲနေပါသည်။ ကျေးရွာတွင်လည်း လမ်းအဆင့်မြှင့်တင်ရန် လူထုလုပ်အားနှင့် လမ်ခင်းရန် ကျောက်များသာအလုံအလောက်ရရှိနိုင်ပြီး ငွေကြေးထည့်ဝင်ရန်အခက်အခဲရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်မှပံ့ပိုးကူညီမှုများနှင့်အတူ ကျေးလက်ဦးစီးဌာနမှ ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်း များအား အဆင့်မြှင့်တင်ပေးရန် တောင်းဆိုလိုပါသည်။ ကျေးရွာချင်းဆက်လမ်းပိုမို ကောင်းမွန် လာခြင်းဖြင့်လည်း တစ်ရွာနှင့် တစ်ရွာကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်လာနိုင်ပြီး၊ စီးပွားရေးဖွံ့ဖြိုးမှုအား လွန်စွာအထောက်အကူပြုနိုင်ပေမည်။

**(ဂ) မဟာဓါတ်အားလိုင်းမှ မီးသွယ်တန်းခြင်း**

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးသောကြောင့် ထမင်း၊ ဟင်းချက်ရာတွင် ထင်းမီးကိုသာ အဓိက အသုံးပြုရခြင်းကြောင့် ထင်းရှား၍ သစ်တောများပြုန်းတီးလာခြင်း၊ ကျောင်းသား/ ကျောင်းသူများ အတွက် ကျောင်းစာများလေ့လာရန်အားနည်းခြင်းတို့ တွေ့ကြုံနေရပါသည်။

ထို့ကြောင့် ကျေးလက် ဦးစီးဌာနမှ သက်ဆိုင်ရာဌာနဖြစ်သော လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေး ဌာနနှင့်ချိတ်ဆက်၍ ကူညီဆောင်ရွက်ပေးသင့်ပါသည်။

**(ဃ) ငွေကြေးဝန်ဆောင်မှုများရရှိနိုင်ရန် ဆောင်ရွက်ပေးခြင်း**

ကျေးရွာတွင် ချေးငွေရရှိနိုင်မှုမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အဖွဲ့အစည်းတစ်ခု သာရှိသဖြင့် ချေးငွေရရှိနိုင်မှုမှာ ခက်ခဲလှပါသည်။ ကျေးရွာတွင်း၌ ချေးငွေများ အတိုးနှုန်းသက်သာပြီး လွယ်ကူစွာရရှိနိုင်ခြင်းဖြင့် လူမှုစီးပွားရေးလုပ်ငန်းများ ပြောင်းလဲတိုး တက်လာမည်ဟု မျှော်မှန်းထား ပါသည်။ ထို့ကြောင့် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာ ပြင်ပ အဖွဲ့အစည်းများ နှင့် ချိတ်ဆက် ဆောင်ရွက်ပေးသင့်ပါသည်။

**(င) ကျန်းမာရေးအသိပညာပေးသင်တန်းများဖွင့်လှစ်ပေးခြင်း**

ကျေးရွာတွင် မြို့နှင့်အလှမ်းဝေးသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုများ အလုံ အလောက်မရရှိနိုင်ပါ။ကျေးရွာတွင် ကိုယ်ထူကိုယ်ထဆေးပေးခန်းရှိသော်လည်း ကျန်းမာရေး ဝန်ထမ်းများအစဉ် အမြဲမရှိနိုင်သည်နှင့် တွေ့ကြုံရပါသည်။ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲသောကြောင့် ဆေးရုံသို့လည်း သွားလာရခက်ခဲပါသည်။ ထို့ကြောင့် ကျေးလက်ဦးစီး ဌာနမှ သက်ဆိုင်ရာ ကျန်းမာရေးဌာနမှ  အကူ အညီအထောက်အပံများ ရရှိနိုင်ရန် ချိတ်ဆက်ကူညီဆောင်ရွက်ပေးသင့်ပါသည်။

**(စ) အထက်တန်းကျောင်းဆောင်ဆောက်လုပ်ခြင်း**

ကျေးရွာတွင်း၌ မူလတန်းကျောင်းသာရှိ၍ မူလတန်းကျောင်းထွက်များ များပြားသည်။ ကျေးရွာရှိ ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းနှင့် (၃)မိုင်ခန့် ဝေးသော စိုက်ပျိုးရေးခြံများမှ နေ့စဉ် အသွားအပြန်ကျောင်းတက်ရပါသည်။ မြို့ပေါ်ရှိ အလယ်တန်း ကျောင်းနှင့် အထက်တန်းကျောင်း များသို့ ပညာသင်ပေးရန် မိဘများမှာလည်း ငွေကြေးအခက် အခဲများတွေ့ကြုံရပါသည်။ ထို့ကြောင့် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာ ပညာရေးဌာနနှင့် အခြားပြင်ပအဖွဲ့အစည်းများမှ အကူအညီ အထောက်အပံ့များ ရရှိနိုင်ရန် ချိတ်ဆက်ကူညီဆောင်ရွက်ပေးသင့်ပါသည်။

**(ဆ) အားကစားကွင်းတည်ဆောက်ခြင်း**

ကျေးရွာတွင်း၌ လူငယ်အများစုသည် စိတ်လေလွင့်မှုများနေခြင်း၊ စိတ်ဓါတ်ကြံ့ခိုင်မှုများ ၊ ကိုယ် လက်ကြံ့ခိုင်မှုများနည်းပါးခြင်းများတွေ့ကြုံနေရပါသည်။ ရာသီအလိုက် ပျော်ပွဲရွှင်ပွဲ များရှိသော်လည်း စိတ်အပန်းဖြေရန် အားကစားကွင်းလိုအပ်နေပါသည်။ ကျေးရွာ၌ အားကစားကွင်းဆောက်လုပ်ရန် မြေနေရာများရှိသော်လည်း ငွေကြေးအခက် အခဲများရှိနေပါသည်။ ထို့ကြောင့် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အခြားပြင်ပအဖွဲ့အစည်းများမှ အထောက်အပံ့များရရှိနိုင်ရန် ချိတ်ဆက်ဆောင်ရွက် ပေးသင့် ပါသည်။

**(ဇ) စာပေအသိပညာပေဟောပြောပွဲများကျင်းပြုခြင်း**

ကျေးရွာတွင်း၌ လူငယ်အများစုသည် အခြားနေရာများတွင် စိတ်အလေအလွင့်များရှိနေပြီး စာပေ ဗဟုသုတအသိဉာဏ်များနည်းပါးလျက်ရှိပါသည်။ ဗဟုသုတနည်းပါးသည့်အတွက် ကဏ္ဍပေါင်းစုံ တွင် သူများထက်နောက်ကျလျက်ရှိပါသည်။ ကျေးရွာတွင် စာကြည့်တိုက် ရှိသော်လည်း စာဖတ်မည့် သူများမရှိသလောက်နည်းပါးပါသည်။ ထို့ကြောင့် ကျေးရွာတွင်စာပေအသိပညာပေးဟောပြောပွဲများကျင်းပပေးစေလိုသည့်အတွက်ကျေးလက် ဦးစီးဌာနမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ပေး စေလိုပါသည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့ အကောင်ထည် ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင် များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည် ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချခဲ့သောစီမံကိန်း များသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များ တွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များပေါ်လာပါမည်။ ပုံမှန်အားဖြင့် စနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မှုဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှု သိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ ကိုနှစ်ပတ်လည် ကျေးရွာ

ဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာ စီမံချက်တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာအရ ခွဲခြားခြင်း (Functional classification )နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***ကျေးရွာအဆောက်အအုံ*** | | | | | |
| | ၁။ ရေပိုက်သွယ်တန်းခြင်း | ၉၄ | ၁ | – ၂"PVC | ကျေးလက် ဦးစီး |
| | ၂။ ရွာလယ်လမ်းကွန်ကရစ်ခင်းခြင်း | ၈၂ | ၂ | – (၁၂၀၀'×၁၂'×၆") | |
| | ၃။ ဘုရားသွားလမ်းကွန်ကရစ်ခင်းခြင်း | ၇၈ | ၃ | – (၁၂၆၀၀'×၁၂'×၆") | – |
| | ၄။ခန်းမတည်ဆောက်ခြင်း | ၆၇ | ၄ | – (၄၀'×၃၀'×၁၂') | |
| | ၅။ ရေစုကန်တည်ဆောက်ခြင်း | ၆၅ | ၅ | (၂၀'×၂၀'×၆') | |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|
| ၁။ ရေပိုက်သွယ်တန်းခြင်း | ၁ | — | | | | |
| ၂။ ရွာလယ်လမ်းကွန်ကရစ်ခင်းခြင်း | ၂ | | — | | | |
| ၃။ ဘုရားသွားလမ်းကွန်ကရစ်ခင်းခြင်း | ၃ | | | — | | |
| ၄။ခန်းမတည်ဆောက်ခြင်း | ၄ | | | | — | |
| ၅။ ရေစုကန်တည်ဆောက်ခြင်း | ၅ | | | | | — |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြ ထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ကျောက်၊ ပစ္စည်း ကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြင့်တင်ရေး | |
| ၁ | ရေပိုက်သွယ်တန်းခြင်း | | | √ | | |
| ၂ | ရွာလယ်လမ်းကွန်ကရစ်ခင်းခြင်း | | | √ | | |
| ၃ | ဘုရားသွားလမ်းကွန်ကရစ်ခင်းခြင်း | | | √ | | |
| ၄ | ခန်းမတည်ဆောက်ခြင်း | | | √ | | |
| ၅ | ရေစုကန်တည်ဆောက်ခြင်း | | | √ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင် တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာ

မူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေး ဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာ ကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့် တင်ရန်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက် ရေးဦးစီးဌာနမြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

**(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်း တစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ကတာဝန် ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ

မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်း များ နှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့ အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြု သူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

